**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

**ရုံးအမှတ်(၂၇)၊ နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်( ၁ / ၂၀၂၃ )**

**၂၀၂၃ ခုနှစ်၊ မေလ (၁၇) ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း ဒု-ဦးစီးမှူး (စက်/လျှပ်)(၃၀)နေရာအတွက် အနည်းဆုံးပညာအရည်အချင်း **AGTI(EP)လက်မှတ်ရ အမျိုးသား (၂၂)ဦး ၊ အမျိုးသမီး( ၈ )ဦး**တို့အား ဝန်ထမ်းခန့်ထားရေးဆောင်ရွက်သွားမည်ဖြစ်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအနေဖြင့် ရုံးအမှတ်( ၂၇ )၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ နေပြည်တော်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် (၉.၆.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် ။

( ခ ) (၃၀.၆.၂၀၂၃)ရက်နေ့တွင် အသက်(၃၅)နှစ်(ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်)ထက် မကျော်လွန်သူဖြစ်ရမည် ။

( ဂ ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည် ။

(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။

( င ) နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည် ။

( စ ) အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းအဖြစ်မှထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ်(Removal)ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ ။

၂။ ရေးဖြေစာမေးပွဲကိုနေပြည်တော်တွင် (၂၄.၆.၂၀၂၃)ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ၊ နေ့လယ်(၁၃:၀၀)နာရီတွင် အင်ဂျင်နီယာဘာသာရပ်(လျှပ်စစ်စွမ်းအား) ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည် ။

၃။ စာမေးပွဲဝင်ကြေး ငွေကျပ်(၅၀၀၀) (ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ငွေစာရင်းအမှတ်( MD-013352 )သို့ ပေးသွင်းရမည် ။

၄။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၊ စီမံခန့်ခွဲရေးဌာန ၊ နေပြည်တော်တွင် လျှောက်လွှာရယူ၍ (၉.၆.၂၀၂၃)ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက်ထားရမည် ။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပါရှိရမည် -

(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း

( ခ ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ( မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

( င ) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ဓာတ်ပုံအပို(၃)ပုံ

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဌာန၏ ဖြေဆိုခွင့် ခွင့်ပြုချက်မူရင်း

( ဆ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သက်တမ်းမကုန်)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ(လွန်ခဲ့သောတစ်လအတွင်း)

( ဇ ) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် ခန့်ထားခြင်းခံရပါက နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူ၍ ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ ။ ဖြေဆိုခွင့်လက်မှတ်များကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၊ စီမံခန့်ခွဲရေးဌာန ၊ ရုံးအမှတ်(၂၇)တွင် (၂၂.၆.၂၀၂၃)ရက်နေ့မှ (၂၃.၆. ၂၀၂၃)ရက်နေ့ထိ ထုတ်ပေးမည် ။



၈။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အနည်းဆုံး( ၅ )နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်

စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) ကိုပေးလျော်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၊ စီမံခန့်ခွဲရေးဌာန ၊ ရုံးအမှတ် (၂၇) ၊ နေပြည်တော်သို့လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၁၀၀၆၆ ၊ ၀၆၇-၄၁၀၀၆၃ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**